မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 22 , 2022 Volume 57, Number 16

၂၂.၈.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၄၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၀၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၅.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၈၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၇.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၂၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၂၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၁၈၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးတိုင်းဒေသကြီးဈေးကွက်အတွင်း ငရုတ်သီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ ထိ ပေါက်ဈေးရှိ



https://yadanarbonnews.com

မန္တလေးဈေးကွက်အတွင်း ငရုတ်သီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှ သိရသည်။အဆိုပါ ငရုတ်သီးအစိုများကို ယခုအခါ ပျော်ဘွယ်၊ ဝမ်းတွင်း၊ ပျဉ်းမနား၊ မိတ္ထီလာနယ်တစ်ဝိုက်နှင့် ရမည်းသင်းနယ်ဒေသတို့မှ ထွက်ရှိနေပြီး ထွက်ရှိလာသည့် ငရုတ်သီးအစိုများကို ဈေးကွက်အတွင်းသို့ရောင်းချရာတွင် ငရုတ်သီးအစိုတစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ ထိ ပေါက်ဈေးရှိနေကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောပြသည်။ အခုအချိန်ကတော့ နယ်စုံဒေသကနေ ငရုတ်သီးအစိုတွေ ထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ ငရုတ်သီးအစိုတွေကို တောင်သူတွေက မန္တလေးဈေးကွက်ကို ရောင်းချတဲ့အခါ အစိုဈေးတစ်ပိဿာကို ငွေကျပ် ၃၅၀၀ ကနေ ၄၅၀၀ ဈေးရှိနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လက တစ်ပိဿာကို ငွေကျပ် ၆၀၀၀ ရှိခဲ့ပါတယ်။ လတ်တလောမှာတော့ အဝယ်တွေနားနေပါတယ်။ ဒါကြောင့် အဝယ်ပိုင်းကတော့ ငြိမ်နေပါတယ်။ အခုအချိန်မှာ ပြည်တွင်းဈေးကွက်ကိုတော့ ရောင်းချနေပါတယ်။ ငရုတ်ဈေးကတော့ တက်လာဖို့အလားအလာ ရှိနေပါတယ်ဟု ဒေါ်ဥမ္မာကျော်ကပြောပြသည်။ ထို့ပြင် မြဝတီဈေးကွက်သို့လည်း တစ်နိုင်တစ်ပိုင် သွားရောက်ရောင်းချသူများ အနည်းငယ်ရှိကြောင်း ငရုတ်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး)မှသိရသည်။

**Source:** https://yadanarbonnews.com/index.php/dailynews/localnews/item/2401-2022-08-21-04-04-00

## ပြည်ပဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်တွင် ဆီးဆန်များဈေးကောင်းရရှိ



Source: ရတနာပုံသတင်းစာ

ပြည်ပဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း ဆီးဆန်များ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရသည်။

ဆီးသီးများမှာ ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ထိုင်ဝမ်ဆီးသီးဟူ၍ သုံးမျိုးရှိကြောင်း၊ ဆီးဆန်

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

များကို ဆီးချဉ်သီးမှသာ ကြိတ်ခွဲပြီးထုတ်လုပ်ရရှိကြောင်း၊ ဆီးဆန်များသည် ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ သာရရှိခဲ့ရာမှ ဩဂုတ်လ တတိယပတ်တွင် ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀၀ ထိ ရောက်ရှိကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောပြသည်။

“အခုနှစ် ဆီးသီးရာသီမှာ ဆီးသီးကနေ ကြိတ်ခွဲထုတ်လုပ်လိုက်တဲ့ ဆီးဆန်တွေဟာ ပြည်ပဝယ်ယူမှုကြောင့် ဈေးမြင့်တက်နေတယ်။ ဈေးကွက်မှာ ကုလားပဲတစ်တင်းကို ငွေကျပ် ၆၀၀၀၀၊ နှမ်းတစ်တင်းကို ငွေကျပ် ၈၀၀၀၀ ဈေးရှိပေမဲ့ ဆီးဆန်တစ်ပိဿာကို ငွေကျပ် ၉၀၀၀၀ ဈေးဖြစ်နေတာကြောင့် မြန်မာ့ထွက်ကုန်ထဲမှာ ထိပ်တန်းမြောက်နေတဲ့ ပို့ကုန်ပစ္စည်းတစ်ခုအနေနဲ့ ရောက်ရှိလာပါတယ်။ အခုလို ဈေးကောင်းရတဲ့အပြင် အသေးစားစက်မှုလုပ်ငန်းတွေလဲ လည်ပတ်နေရတယ်။ လုပ်သားတွေလဲ အလုပ်အကိုင်တွေရရှိကြပါတယ်” ဟု ဦးစိုးဝင်းမြင့်ကပြောပြသည်။

အဆိုပါ ဆီးချဉ်သီးသည် သဲဆန်သောမြေများတွင် အလေ့ကျပေါက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ပေါက်ရောက်ကြကြောင်း၊ ဆီးခွဲစက်များအနေဖြင့် ရေနံချောင်း၊ ချောက်၊ မလှိုင်၊ တောင်သာ၊ မိတ္ထီလာစသည့်မြို့များတွင် ဆီးခွဲစက်အသီးသီးထောင်၍ ကြိတ်ခွဲကြကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ကျွန်းသားပန်းဖောက်လက်ရာ လောကနတ် ပန်းပုကားချပ်များကို ကချင်၊ ရခိုင်နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူမှုရှိနေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ကျွန်းသားပန်းဖောက်လက်ရာ လောကနတ်ပန်းပုကားချပ်များကို ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က အဓိကမှာယူမှုရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍သိရသည်။

ယခုအခါ ပြည်တွင်းပန်းပုဈေးကွက်မှာလည်း ပြန်လည်လည်ပတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများကလည်း ပန်းပုထည်များလည်း မှာယူမှုရှိလာသဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ကောင်းမွန်လာသောကြောင့် ယခုကဲ့သို့ ပန်းပုထည်များ မှာယူမှုများရှိလာကြောင်းသိရသည်။

“လုပ်ငန်းတွေကတော့ တော်တော်များများရှိလာပါပြီ။ ဒါပေမဲ့ အထည်ကြီးအရုပ်ကြီးတွေ အော်ဒါမရသေးပါဘူး။ မှာတာကတော့ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဘက်က ဒီနှစ် နှစ်ဆန်းကတည်းက အော်ဒါတွေတက်နေတယ်။ အခုလက်ရှိဆို အချပ် ၄၀၀ လောက် အော်ဒါရထားတာ ကျွန်းသားပန်းဖောက်လက်ရာ လောကနတ် ပန်းပုကားချပ်ပါ၊ ဒီဩဂုတ်လအကုန် အပြီးပေးရမှာပါ။ သူတို့ဘယ်လောက်ရောင်းမယ်တော့ မသိဘူး။ ကျွန်တော်တို့ဆီကတော့ လက်ခတစ်ချပ်ကို ငွေကျပ် ၈၀၀၀၀ လောက်တော့ရတယ်” ဟု ဦးအေးချမ်းကပြောပြသည်။

လက်ရှိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်က မှာယူနေသည့် ကျွန်းသားဖြင့် ထွင်းထုထားပြီး အလျား ၂၀ လက်မ၊ အနံ ၁၃ လက်မအရွယ်အစား ကျွန်းပန်းပုကားချပ်မှာ ဈေးကွက်အတွင်း တစ်ချပ်လျှင် ငွေကျပ် ၁၈၀၀၀၀ ရှိကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ဝယ်လက်စုံပြီး ဈေးနှုန်းထပ်မံမြင့်တက်လာရာ တစ်ပိဿာ ကျပ် ၂၆၀၀ ပေါက်ဈေးရှိ

ပခုက္ကူကြက်သွန်နီ ဈေးကွက်အတွင်း ယခုဩဂုတ်လတတိယပတ်တွင် ဝယ်လက်စုံနေသည့်အတွက် ဈေးနှုန်းထပ်မံမြင့်တက်နေပြီး အမြင့်ဆုံးတစ်ပိဿာ ကျပ် ၂၆၀၀ ပေါက်ဈေးရှိကြောင်းသိရသည်။ ပခုက္ကူကြက်သွန်နီဈေးကွက်တွင် ဩဂုတ်လဒုတိယပတ်ထိ တစ်ပိဿာ ကျပ် ၂၀၀၀ အမြင့်ဆုံးဖြင့်ရောင်းချနေရာမှ တတိယပတ်တွင် ဈေးနှုန်းဆက်တိုက်မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။



https://news-eleven.com/article/236030

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ပိသာချိန် ၄၀၀၀၀ ခန့်ဝင်ရောက်သည့် ဩဂုတ် လ ၂၀ ရက်နေ့ ဈေးကွက်တွင် ဂွါန်သေးတစ်ပိဿာ ကျပ် ၁၅၀၀ -၁၈၀၀ ၊ ဂွါန်လတ် တစ်ပိဿာ ကျပ် ၁၉၀၀ -၂၂၀၀ နှင့် ဂွါန်ကြီး တစ်ပိဿာ ကျပ် ၂၃၀၀ - ၂၆၀၀ ပေါက်ဈေး ရှိကြောင်းသိရသည်။

"ကြက်သွန်ဈေးကောင်းတော့ လက်ကျန်ရှိတဲ့ တောင်သူတွေ လာရောင်းနေတဲ့အတွက် ကုန်ဝင်က တစ်နေ့ပိဿာချိန် သုံးသောင်းကျော် လေးသောင်းဝန်းကျင်တော့ရှိတယ်။ လက်ရှိက ပြည်ပဝယ်လက်သမားရော ပြည်တွင်းရော အစုံဆွဲနေတော့ ဈေးက တစ်ရက်ခြား တစ်ခါလောက်တက်တယ်။ ပြီးခဲ့တဲ့ ၂ ရက်လောက်က တစ်ပိဿာ ၂၄၀၀ လောက်နဲ့ ရောင်းဝယ်နေတာ မှာ ဒီနေ့ ဥပုသ်ထွက် ၂၆၀၀ ထိ ဖြစ်သွားတယ်။ ဈေးတန်းအရတော့ ကြက်သွန်လက်ကျန်ရှိတဲ့ တောင်သူမြတ်မှာပဲ " ဟု ပခုက္ကူမြို့မှ ကြက်သွန်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်တွင် ကြက်သွန်နီ တစ်ပိဿာကျပ် ၃၀၀၀ ကျော်ထိ ရောင်းဝယ်ခဲ့ကြပြီး ၂၀၂၀ ခုနှစ်မှ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းထိ တစ်ပိဿာ ကျပ် ၁၀၀၀ အောက်ဖြင့်သာ ရောင်းဝယ်ခဲ့ရကြောင်းသိရသည်။

ပခုက္ကူဈေးကွက်မှ ကြက်သွန်နီအား နယ်စုံမှအဓိကဝယ်ယူနေကြောင်းသိရပြီး ပခုက္ကူနှင့်ပေါက်မြို့နယ်ရှိ ကြက်သွန်စိုက် တောင်သူအချို့တွင်ရောင်းချရန် ကြက်သွန်လက်ကျန်များရှိနေသေးကြောင်း တောင်သူများထံမှသိရသည်။ ပခုက္ကူကြက်သွန်နီ ဈေးကွက်သို့ ယောချောင်းဒေသထွက် ကြက်သွန်များမှာ မတ်လမှအောက်တိုဘာလအထိ လာရောက်ရောင်းချပြီး မြစ်ရေကျချိန်တွင် စိုက်ပျိုးသည့် မိုးကြက်သွန်မှာ ဒီဇင်ဘာလမှ လာမည့်နှစ် ဖေဖော်ဝါရီလထိ လာရောက်ရောင်းချလေ့ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/236030

## အရှေ့တောင်အာရှနိုင်ငံသားများက Bubble Tea ဝယ်ယူမှုအတွက် နှစ်စဉ် ဒေါ်လာ ၃.၆၆ ဘီလျံအသုံးပြုဟု လေ့လာတွေ့ရှိ



https://news-eleven.com/article/236066

အရှေ့တောင်အာရှတွင် နှစ်စဉ် Bubble Tea ဝယ်ယူသောက်သုံးမှုအတွက် ဒေါ်လာ ၃.၆၆ ဘီလျံအသုံးပြုခဲ့ပြီး စင်ကာပူနိုင်ငံသည် ၎င်း၏အဓိက ဈေးခြောက်ခုအတွင်း လူဦးရေအနည်းဆုံးဖြစ်သော်လည်း Bubble Tea အတွက် ငွေကြေးအကုန်ကျခံသုံးစွဲမှု အမြင့်ဆုံးဖြစ်သည်ဟု သုတေသနလေ့လာ တွေ့ရှိချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

Bubble Tea နှင့်ပတ်သက်၍ စီးပွားရေးအရ သုတေသလေ့လာဆန်းစစ်မှု ပြုလုပ်ချက်တစ်ခုအရ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ စင်ကာပူရှိ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ဆောင်ရေးဖြစ်သည့် Momentum Works နှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှု ဖြေရှင်းရေးကုမ္ပဏီ qlub တို့ပူးပေါင်း၍ ပြုလုပ်သည့် သုတေသနလေ့လာချက်၌ စင်ကာပူတွင် Bubble Tea ၏ ပျမ်းမျှဈေးနှုန်းသည် ဒေသတွင်း အခြားနိုင်ငံများထက် ဈေးနှုန်းနှစ်ဆပိုမိုများပြားသည်ဟုသိရသည်။ "ဒါဟာ အရည်အသွေးကောင်းတဲ့ အမှတ်တံဆိပ်တွေအတွက် အရမ်းကောင်းမွန်တဲ့ဈေးနှုန်းဖြစ်ပါတယ်"ဟု Momentum Works က ဩဂုတ် ၁၆ ရက်တွင် ပြောကြားခဲ့ပြီး စင်ကာပူတွင် လက်ရှိ အချိန်၌ရောင်းချနေသည့် Bubble Tea အမှတ်တံဆိပ်ဆိုင်ခွဲပေါင်း ၆၀ကျော်ရှိသည်ဟု ထပ်မံပြောကြားခဲ့သည်။

ဒေသတွင်း၌ အကြီးဆုံးဈေးကွက်သည် အင်ဒိုနီးရှားနိုင်ငံဖြစ်ပြီး နှစ်စဉ် Bubble Tea ဝယ်ယူသောက်သုံးမှုအတွက် ငွေကြေး အသုံးပြုမှု ဒေါ်လာ ၁.၆ ဘီလျံရှိသည်။ ထိုင်းနိုင်ငံသည် ဒုတိယနေရာတွင်ရှိပြီး Bubble Tea ဆိုင်များနှင့် အခြား လက်လီဆိုင်ပေါင်း ၃၁,၀၀၀ ကျော်မှ ဒေါ်လာ ၇၄၉ သန်းရရှိခဲ့သည်။ တတိယနေရာ၌ ဗီယက်နမ်နိုင်ငံက ဒေါ်လာ ၃၆၂ သန်း ဖြင့်ရပ်တည်နေပြီး စင်ကာပူနိုင်ငံက နှစ်စဉ် Bubble Tea ဝယ်ယူသောက်သုံးမှုအတွက် ငွေကြေးအသုံးပြုမှု ဒေါ်လာ ၃၄၂ သန်းဖြင့် စတုတ္ထနေရာတွင်ရှိနေသည်။

ထိုင်ဝမ်နှင့် ပြည်တွင်းဖြစ်အမှတ်တံဆိပ်များသည် အရှေ့တောင်အာရှ Bubble Tea ဈေးကွက်တွင် ကာလကြာရှည် လွှမ်းမိုးထားသည်ဟု သုတေသနလေ့လာချက်တွင် တွေ့ရှိခဲ့သည်။ “ဒါတင်မကသေးပါဘူး။ မကြာသေးခင်က တရုတ်အမှတ်တံဆိပ်အများအပြားဟာ ဒေသတွင်းဝင်ရောက်လာပါတယ်”ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။ “တရုတ်နိုင်ငံက Bubble Tea ဈေးကွက်မှာ နှစ်စဉ်အနုတ်အသိမ်းပမာဏဟာ ပျမ်းမျှ ၂၀ ဘီလျံရှိပြီး ပြည့်ဝကာ ပြိုင်ဆိုင်မှုပြင်းထန်ပါတယ်”ဟု ဆိုသည်။

အရှေ့တောင်အာရှသို့ဝင်ရောက်သည့် တရုတ်အမှတ်တံဆိပ်များတွင် Mixue၊ Chagee နှင့် HEYTEA တို့ပါဝင်ပြီး ယင်းအမှတ်တံဆိပ်အားလုံးသည် စင်ကာပူတွင် ဆိုင်ခွဲများရှိကြသည်။ ဈေးနှုန်းသည် ဝယ်ယူသူများ၏ ဝယ်ယူမှုဆုံးဖြတ်ချက်အပေါ် သက်ရောက်မှုရှိသော တစ်ခုတည်းသောအချက်မဟုတ်ကြောင်း သုတေသနလေ့လာချက်တွင် မီးမောင်းထိုးဖော်ပြထားသည်။ “စားသုံးသူတွေဟာ ဈေးဆိုင်တွေမှာ ထုတ်ကုန်ကိုအခြေပြုပြီး ဆုံးဖြတ်ကြသလို အမှတ်တံဆိပ်တစ်ခုက ဆိုင်ဘယ်လောက်မှာရှိတယ်ဆိုတာနဲ့လည်း ဆုံးဖြတ်ကြပါတယ်”ဟု ၎င်းကဆိုသည်။

ကုန်အမှတ်တံဆိပ်များသည် ဝယ်ယူသူအကြိုက် သကြားအနည်း၊ အများနှင့် လတ်ဆတ်သောသစ်သီး လက်ဖက်ရည်ကဲ့သို့ ကျန်းမာရေးအတွက် အခြားရွေးချယ်စရာများမှတစ်ဆင့် သုံးစွဲသူများကို ဖြည့်ဆည်းပေးရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော ရွေးချယ်စရာများကိုလည်း ပံ့ပိုးပေးထားသည်။

စင်ကာပူရှိ စားသုံးသူများသည် ကျန်းမာရေးကို ပိုမိုသတိရှိကြသော်လည်း အခြားဈေးကွက်များ၌ ယင်းကဲ့သို့ မတူညီကြကြောင်း သုတေသနတွင်ဆိုသည်။ qulb ၏ လုပ်ငန်းလည်ပတ်ရေးအရာရှိချုပ် ဆစ်ဟိုးယုန်းက အရှေ့တောင်အာရှရှိ လူငယ်အများအပြားသည် တစ်နေ့နေ့တွင် Bubble Tea ဆိုင်ဖွင့်ရန်ဆန္ဒရှိနေကြသည်ဟုဆိုသည်။ “ကပ်ရောဂါကြောင့် စတိုးဆိုင်အများအပြားပိတ်လိုက်ရတဲ့ပေမယ့်လည်း Bubble Tea ကြိုက်တဲ့ စားသုံးသူတွေကတော့ ပြောင်းလဲမှာမဟုတ်ဘဲ သူတို့တတ်နိုင်တဲ့ ငွေကြေးပမာဏအတိုင်း သူတို့ကြိုက်နှစ်သက်တဲ့ အမှတ်တံဆိပ်ကို ရွေးချယ်သွားကြဦးမှာဖြစ်ပါတယ်”ဟု ၎င်းကဆိုသည်။

Ref : CNA

**Source:** https://news-eleven.com/article/236066

## STOCK EXCHANGE (22.8.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 22nd Aug. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +100 | +1.45% | 6,900 | 7,000 | 6,900 | 581 | 4,022,600 | 33,109,694 | 231,768 |
| MTSH | 00002 | 2,500 | +0 | +0.00% | 2,450 | 2,500 | 2,450 | 704 | 1,728,900 | 38,929,150 | 97,323 |
| MCB | 00003 | 6,800 | -100 | -1.45% | 6,800 | 6,800 | 6,800 | 31 | 210,800 | 10,400,986 | 70,727 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,300 | 2,400 | 2,300 | 231 | 537,850 | 12,823,224 | 30,135 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | -100 | -2.00% | 5,000 | 5,000 | 4,900 | 599 | 2,940,100 | 10,497,598 | 51,438 |

## Market summary

As of 22nd Aug. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 330.30 | +0.70 | +0.21% | 328.11 | 330.30 | 328.03 | 2,146 | 9,440,250 | 7 | 574,595 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 22nd Aug. 2022

| MYANPIX | 330.30 ▲ 0.70 |
|---|---|
| Total Volume (shares) | 2,146 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 574,595 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 100 |
| MTSH | 00002 | 2,500 | ▲ 0 |
| MCB | 00003 | 6,800 | ▼ 100 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▼ 100 |